ညောင်ပင်ဆိပ်ကျေးရွာ

လောင်းလုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်ဆိပ်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

CamScanner

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ညောင်ပင်ဆိပ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၈ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | ပညာရေး | ၁၀ |
| ၇။ | ကျန်းမာရေး | ၁၀ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၁ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၃ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၅၆ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၅၈ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၆၀ |




CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ပင်ဆိပ်ကျေးရွာ၊
လောင်းလုံးမြို့နယ်



CamScanner



### ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ညောင်ပင်ဆိပ်ကျေးရွာသည် ပထဝီအနေအထားအရ မြေနိမ့်ချိုင့်ဝှမ်းဒေသဖြစ်ပါသည်။ ပန်းတင်အင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး လောင်းလုံးမြို့မှ (၃၀) မိုင် ကွာဝေးပါသည်။ အရှေ့ဘက်တွင် လယ်ကွင်းများနှင့် သပြေကျေးရွာ၊ အနောက်ဘက်တွင် ဒီရေတောနှင့် ငပိတဒက် ငယ်ကျေးရွာ၊ မြောက်ဘက်တွင် လယ်ကွင်းများနှင့် ရာဘာတော၊ တောင်ဘက်တွင် ဒီရေတောများရှိပါသည်။ ညောင်ပင်ဆိပ်ကျေးရွာနှင့် သပြေကျေးရွာ တို့သည် ယခင်က ကျေးရွာ(၂)ရွာပေါင်းထားသော ကျေးရွာဖြစ်ပါသည်။ သပြေကျေးရွာမှာမူ ပြည်ထဲရေး အမည်မပေါက်သော ကျေးရွာဖြစ်ပါသည်။ ကျေးရွာမှ ထားဝယ်မြို့သို့ သွားရောက်ရန် (၂၁)မိုင်ခန့် ကွာဝေးသဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေ ချောမွေ့ပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းအား အဓိက ထား၍ လုပ်ကိုင်ကြပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၈) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မ အထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ကျေးရွာတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းများ မရှိပါ။ သို့သော်လည်း သဲထွက်ရှိမှုများပြီး အသုံးချနိုင်မှုလည်း လွယ်ကူပါသည်။ သဘာဝဆေးဖက်ဝင် အပင်အနေဖြင့် ဆင်တုံးမနွယ်ကိုသာ တွေ့ရပြီး အသုံးချနိုင်မှု ခက်ခဲပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအား အနီးအနား ဝန်းကျင်တွင် မတွေ့ရှိရပါ။ထို့အပြင် တောင်တန်းများတွင် ရာဘာခြံ၊ သီဟိုဠ်ခြံများလည်း ရှိပါသည်။

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအဖွဲ့အစည်းများအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့၊ မိဘဆရာအသင်း၊ နာရေးကူညီမှုအသင်း၊ အပျိုလူပျိုအသင်း၊ ဘာသာရေးအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဟူ၍ ရှိကြပါသည်။ ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာအတွက်အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါတွင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းအနေဖြင့် ငှက်ဖျားအဖွဲ့ တစ်ခုသာရှိပြီး ကျေးရွာသူ/သားများအား သွေးစစ်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိပါသည်။ ထို့ကြောင့် Unicef, World Vision ကဲ့သို့သော NGO အဖွဲ့အစည်း များနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် လယ်မြေ(၆၇.၁၈)ကေနှင့် ဥယျာဉ်ခြံ (၅၁.၃၅)ကေရှိပါသည်။ လယ်ယာမြေမှာ ဆားငန်ရေဝင်ရောက်မှုရှိသဖြင့် မြေဆီလွှာအရည် အသွေး မကောင်းပါ။ ဥယျာဉ်ခြံမှာမူ အသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဓနိတော မြေ (၃၅)ကေလည်း ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် သီးသန့်ရေ အရင်းအမြစ် များ မရှိသဖြင့် မြေအောက်ရေကိုသာ အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ သီဟိုဠ်နှင့်စပါးဖြစ်ပါသည်။ သီဟိုဠ်မှာ စိုက်ကေ(၅၀)ခန့်ရှိပြီး ပျမ်းမျှအားဖြင့် (၄၀)ပိဿာခန့်သာ ထွက်ရှိပါသည်။ ယခုနှစ်တွင် သီဟိုဠ်အထွက်နှုန်းမှာ အလွန်နည်း ပါသည်။ဒုတိယသီးနှံအနေဖြင့် စပါးမှာ ၂ကေလျှင်(၃၅)တင်းသာ ထွက်ရှိပါသည်။ သွင်းအားစု အနေဖြင့် အရိုးမှုန့်နှင့် ဓာတ်ဆားကိုထည့်သော်လည်း အမြတ်ရရှိနိုင်မှုမှာ အလွန်နည်း ပါသည်။ ထို့ကြောင့် စိုက်ပျိုးမြေများအား ပြန်လည်ပြုပြင်ရန် လိုအပ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။ထို့အပြင် လုပ်သားအင်အားရရှိနိုင်မှုမှာလည်း ခက်ခဲသဖြင့် စက်ဖြင့်သာ လုပ်ကိုင်ကြပါသည်။ ပျိုးပင်များတွင် ကြွက်များလှောင်ခြင်း၊ ဖျက်ပိုးများ ကျရောက်ခြင်း တို့ကြောင့် သီးနှံပျက်စီးပြီး အရင်းအနှီးများ ဆုံးရှုံးရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေးသင်တန်းများ ဆောင်ရွက်မည် ဆိုပါက တောင်သူများအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သူ များ မရှိပါ။ ကြက်မွေးမြူရေးကိုမူ တစ်နိုင်တစ်ပိုင်အဖြစ် အိမ်တိုင်းလိုလို လုပ်ကိုင်ကြပြီး (၁၅၄၉)ကောင်ရှိပါသည်။ ကမ်းလွန်ငါးဖမ်းလုပ်ကိုင်သော အိမ်ထောင်စုမှာ(၄)စုခန့်ရှိပါသည်။



CamScanner

ထို့အပြင် ကျေးရွာရှိ ကျေးရွာသူ/သားများအားလုံးလိုလိုသည် ဂုံးကောင်နှင့် ခရုများ ကောက်ပြီး အသက်မွေးသူများလည်းရှိပါသည်။အသားငါးထုတ်လုပ်မှုကဏ္ဍအနေဖြင့် ရေမြေ အနေအထား အသင့်အတင့် ကောင်းမွန်ပြီး ငါး/ပုစွန်သားပေါက်များကို အသင့်အတင့် ဝယ်ယူနိုင်ပါသည်။ ထို့ကြောင့် အသားငါးကဏ္ဍတိုးတက်စေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် ကျပန်းအလုပ်သမားများပြားပြီး အလုပ်အကိုင် အခွင့်အလမ်း ရှားပါး ပါသည်။ဆောက်လုပ်ရေးလုပ်သားများမှာ အများဆုံး(၁၇၀၀၀)ကျပ်မှ အနည်းဆုံး (၁၀၀၀၀) ကျပ် အထိရှိပါသည်။ အမျိုးသမီးများမှာ ရောင်းဝယ်ရေးသာ လုပ်ကိုင်ကြပြီး (၃၀၀၀-၅၀၀၀)ကျပ် အထိရရှိပါသည်။ လျှပ်စစ်မီး ရရှိမှုမှာ အသင့်အတင့် ကောင်းမွန်သော်လည်း ရင်းနှီးမြှုပ်နှံရန် ငွေကြေးမရှိသဖြင့် အသေးစား/အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင် ရွက်ရန် ခက်ခဲပါသည်။ ထို့အပြင် ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်မရှိသည့်အပြင် ဈေးကွက်ဆိုင်ရာ အသိအမြင်လည်းမရှိပါ။ လမ်းပန်း ဆက်သွယ် ရေးမှာ ကျောက်ခင်းလမ်းဖြစ်သဖြင့် ကြမ်းတမ်းပြီး ကုန်ကြမ်းလည်းမရှိပါ။ အသက်မွေး ဝမ်းကျောင်းနှင့် ပတ်သက်သော ပညာရပ်တစ်ခုခုကို လုံးဝမတတ်မြောက်သဖြင့် အလုပ် အကိုင် အခွင့်အလမ်းနည်းပြီး မိသားစုဝင်ငွေနည်းပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာ သော ချေးငွေနှင့် အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးရန် လိုအပ် နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုနှင့် ဘဘဏ်လုပ်ငန်းအနေဖြင့် ဝန်ဆောင်မှု မရှိပါ။ ကျေးရွာရှိ လယ်များမှာ ပုံစံ-၇မရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ဝန်ဆောင်မှုမရရှိပါ။ ကျေးရွာအတွင်း မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အတိုးနှုန်း(၅-၁၀%) ဖြင့် ချေးနိုင်သော်လည်း လိုအပ်သည့်အချိန်တွင် မရရှိပါ။ ထို့ကြောင့် အတိုးနှုန်း သက်သာ သော ချေးငွေများ ရရှိရန် လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ရွာတွင်းလမ်း(၃)လမ်းရှိပြီး သဲလမ်းများဖြစ်ကြပါသည်။ ကျေးရွာ တစ်ရွာလုံး လမ်းများသည် သဲများဖြင့် ဖုံးလွှမ်းနေသဖြင့် နွေရာသီတွက် ခရီးသွားလာ



CamScanner

ကြန့်ကြာပြီး ကုန်စည်စီးဆင်းမှုအတွက်လည်း နှောင့်နှေးပါသည်။ ထို့ကြောင့် ထိုလမ်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်မည်ဆိုပါက ကျေးရွာသူ/သားများအတွက် အကျိုးများစွာ ဖြစ်ထွန်းမည် ဖြစ်ပါသည်။ထို့အပြင် ကျေးရွာတွင် ချဉ်းကပ်လမ်း(၁)လမ်းလည်းရှိပြီး မြေသား လမ်းဖြစ်ကာ နွေရာသီနှင့် ဆောင်းရာသီတွင်သာ အသုံးပြုရပါသည်။ သပြေ-ညောင်ပင်ဆိပ် ကျေးရွာချင်း ဆက်လမ်းမှာ (၃)မိုင်ခန့်ရှိပြီး ကျောက်ခင်းလမ်းဖြစ်သောကြောင့် သွားလာရန် ခက်ခဲပါသည်။ ထို့ကြောင့် ထိုလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ် နေပါသည်။ကျေးရွာသို့ ဝင်ရာ(၂)လမ်း အနက် (၁)လမ်းသည် မိုးရာသီတွင် ရေကြီးရေလျှံမှု များဖြစ်ပေါ်တတ်သဖြင့် (၁၀၀'x၂၀'x၁၀') ရှိ ကွန်ကရစ်တံတား(၁)စီး ဆောက်လုပ်ရန် လိုအပ်နေပါသည်။ ထိုတံတား ဆောက်လုပ်ပြီးပါက ကျေးရွာသူ/သားများသည် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပါသည်။ ပင်လယ်ရေကြောင်း အနေဖြင့် ငပိဒက်ငယ်ကျေးရွာသို့ စက်လှေဖြင့် သွားနိုင်ပြီး (၃)မိုင်ခန့်ကွာဝေးပါသည်။ ထိုကျေးရွာသို့ ရေလုပ်သားများ ထုတ်ကုန်များရောင်းချရန်အတွက် အသုံးပြုကြပါသည်။ ကျေးရွာတွင် ပို့ဆောင်ရေးယာဉ် အဖြစ် မော်တော်ဆိုင်ကယ်ကိုသာ အဓိကထားအသုံးပြုကြပါသည်။ စက်ဘီးမှာအလယ်တန်း ကျောင်းသား/သူများ ပန်းတင်အင်း ကျောင်းသို့သွားရာတွင် အသုံးပြုပြီး (၂၂)စီးရှိပါသည်။ လှေနှင့် စက်လှေများမှာ ရေလုပ်သားများ ဝမ်းစာရေးအတွက် အသုံးပြုကာ (၁၄)စီးရှိပါသည်။ ထော်လာဂျီ(၂)စီးမှာ ကျေးရွာထွက်ထုတ်ကုန်များ ပို့ဆောင်ရေးအတွက် အသုံးပြုပါသည်။ ၎င်းအပြင် ရေဖြူမြို့နယ်၊ မူးဒူးကျေးရွာမှ ကုန်တင်ကား(၁)စီးမှ ပစ္စည်းများကို လာရောက် ပို့ဆောင်လေ့ရှိပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်း ရရှိပြီးဖြစ်ပြီး အိမ်ထောင်စု(၂၃)စု သုံးစွဲနေ ပါသည်။ ထို့အပြင် ဆိုလာသုံးစွဲသူ(၂၈)စု၊ ဒီဇယ်အင်ဂျင်သုံးစွဲသူ(၂)စုနှင့် လျှပ်စစ်မီး အသုံး မပြုနိုင်သော အိမ်ထောင်စု(၁၁)စုရှိပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စု များမှာ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးကိုသုံးစွဲရပြီး ဆင်းရဲသောမိသားစုများဖြစ်ကြပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် MPT, Mytel နှင့် Telenor များ ရရှိပြီး ဖုန်းလိုင်းကောင်းပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများသည် သတင်းအချက်အလက်နှင့် နည်းပညာများကို ဖုန်းမှတဆင့် ရရှိနိုင်ပါသည်။ ထို့အပြင် မိုးလေဝသဆိုင်ရာ အချက်အလက် များကို ရေဒီယို ၊ တီဗွီ၊ စလောင်းများမှ အချိန်နှင့် တပြေးညီသိရှိနိုင်သောကြောင့် ကျေးရွာသူ/ သားများ အတွက် အထောက်အကူများစွာ ရရှိပါသည်။

## ၆။ ပညာရေး

ကျေးရွာ၏ ကျောင်းအဆင့်မှာ မူလတန်းဖြစ်ပြီး ကျောင်းသားဦးရေ (၃၂)ဦးရှိပါသည်။ ကျောင်းသည် ကျေးရွာအထဲတွင်ရှိပြီး (၀/၂)မိုင်ခန့်သာ ကွာဝေးသဖြင့် ခြေလျင်ဖြင့်သာ သွားလာရပါသည်။ စာသင်ကျောင်းကြမ်းခင်းဧရိယာမှာ (၁၈၀၀')ရှိပြီး အမိုး၊ အခင်းများ အသင့်အတင့်ကောင်းမွန်ပါသည်။ထို့အပြင် ပရိဘောဂများ လုံလောက်မှု မရှိပါ။ ကျောင်းတွင် အစိုးရခန့် ဆရာ/မ(၄)ဦးရှိပြီး အာဟာရတိုက်ကျွေးမှုများလည်းရှိပါသည်။ ကျေးရွာတွင် ပညာရေးအခက်အခဲအနေဖြင့် အားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု မရှိသည့်အပြင် စာရေးကိရိယာသုံးစွဲမှုမှာလည်း မလုံလောက်ပါ။ ဆရာ/မနှင့်တပည့်အချိုးမှာ ၄၀း၁ အထက် ရှိသဖြင့် လုံလောက်မှုရှိပြီး မိဘဆရာအသင်း၏ အခန်းကဏ္ဍလည်း ပူးပေါင်းမှု အသင့် အတင့်ကောင်းပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာ အလယ်အလတ်ရှိပြီး မသန်စွမ်း သူများအတွက် ပညာရေးအထူးအစီအစဉ်များ မရှိပါ။

ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသူဦးရေမှာ မူလတန်း(၄၀)ဦး၊ အလယ်တန်း (၂၈)ဦး၊ အထက်တန်း(၇)ဦးနှင့် တက္ကသိုလ်(၃)ဦးတို့ ဖြစ်ကြပါသည်။ မူလတန်းနှင့် အလယ်တန်းပညာရေးမှာ အသင့်အတင့် ရှိသော်လည်း အထက်တန်းနှင့် တက္ကသိုလ် တက်မြောက် မှု နှုန်းမှာ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာတွင် ပညာရေးအဆင့်မြင့်တင်မည်ဆိုပါက ပညာတတ်လူဦးရေများလာပြီး လူစွမ်းအား အရင်း အမြစ် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ကျေးရွာ၏ စာပေတတ်မြောက်မှုနှုန်းအနေဖြင့် မူလတန်း(၂၄)ဦး၊ အလယ်တန်း(၄၀)ဦး၊ အထက်တန်း(၁၄)ဦးနှင့် တက္ကသိုလ်အဆင့်ရှိသူ (၃)ဦးတို့ ရှိကြပါသည်။ ထို့အပြင် စာမတတ်သူဦးရေ မ(၁၄)ဦးလည်းရှိပြီး သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ စာပေတတ်မြောက်မှုနှုန်းကို လေ့လာပါက မူလတန်းအဆင့်မှာ များပြားပြီး အထက်တန်းနှင့် တက္ကသိုလ် အဆင့်မှာ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး

ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုမရှိပါ။ သို့သော်လည်းအုပ်စု ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိပြီး (၇)မိုင်ခန့်ကွာဝေးပါသည်။ ထို့အပြင် ကျေးရွာမှ (၁၀)မိုင်ခန့် ကွာဝေးသော မောင်းမကန်ကျေးရွာတွင်လည်း တိုက်နယ်ဆေးရုံရှိပြီး အခန်းကုတင် လုံလောက်မှု ရှိပါသည်။ မြို့နယ်ဆေးရုံမှာမူ (၂၅)မိုင်ခန့်ကွာဝေးပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများသည် တိုက်နယ်ဆေးရုံတွင်သာ ကုသမှု ပိုများကြပါသည်။ကျေးရွာတွင် အဖြစ်များသော ရောဂါအနေဖြင့် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ဖြစ်ကြပါသည်။ ယင်လုံအိမ်သာသုံးစွဲမှု မရှိသောအိမ်ထောင်စုများမှာ ဝမ်းပျက် ဝမ်းလျှော အနည်းအငယ် ဖြစ်ပွားတတ်ပြီး စိုးရိမ်ရသောအခြေအနေမဟုတ်ပါ။ အခြားသောရောဂါ ဖြစ်ပွားမှုမှာ



CamScanner

မရှိသလောက် နည်းပါးပါသည်။ကျွန်ုပ်တို့ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် အသည်းရောင်အသားဝါဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး၊ ဝက်သက်ရောဂါနှင့် စုပေါင်းကာကွယ်ဆေးထိုးနှံမှုလည်း ရှိပါသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်များအတွက် သံဓာတ် အားဆေး၊ အားဆေးစသည့် ကာကွယ်ဆေးထိုးနှံမှုများလည်း ရှိပါသည်။

ကျေးရွာတွင် အဓိကသောက်သုံးရေအဖြစ် ရေတွင်းကိုသာ အသုံးပြုကြပြီး (၅၇)တွင်းရှိပါသည်။သောက်သုံးရေအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး မိုးရာသီနှင့် ဆောင်းရာသီသာ ရေလုံလောက်မှုရှိပါသည်။ တပေါင်း၊ တန်ခူးလများတွင် သောက်သုံးရေအတွက် အနည်းငယ်ခက်ခဲမှုရှိပြီး မျှတသုံးစွဲကြပါသည်။ ထို့ကြောင့် ကျေးရွာမှ (၄)မိုင်ခန့်ဝေးသော တောင်ပေါ်မှ စိမ့်စမ်းရေ ရရှိမည်ဆိုပါက နွေရာသီရေရှားပါးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာနေအိမ်ထောင်စုများအနက် (၂၆)အိမ်ထောင်စုမှာ ယင်လုံ အိမ်သာသာသုံးစွဲကြသော်လည်း (၁၂)အိမ်ထောင်စုမှာ အိမ်သာမရှိသော အိမ်ထောင်စုများဖြစ်ကြပါသည်။ (၁၇)အိမ်ထောင်စုမှာမူ တွင်း/ဇလားအိမ်သာ အသုံးပြုကြသဖြင့် မသန့်ရှင်းသော အိမ်သာသုံးစွဲမှုတွင် ပါဝင်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင် သန့်ရှင်းသောအိမ်သာသုံးစွဲမှုနှုန်းမှာ (၄၇)% သာရှိပြီး မသန့်ရှင်းသော အိမ်သာသုံးစွဲမှုနှုန်းမှာ (၅၃)%ဖြစ်နေပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာများ သုံးစွဲရန် အသိပညာပေးဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ် နေပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် သဘာဝမြေရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)၊ ဆားငန်ရေဝင် ရောက်မှုနှင့် တီဘီရောဂါဖြစ်ပွားမှု အနည်းငယ်ရှိသော်လည်း ထိခိုက်မှုများ မရှိပါ။ ကျေးရွာတွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအနေဖြင့် မြေဩဇာအခြေအနေ၊ ရေအရင်းအမြစ်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့အတွက် အန္တရာယ်ရှိမှု အနည်းငယ်ရှိသော်လည်း ကျန်အကြောင်းအရာများအတွက် အန္တရာယ်ရှိမှုများ မရှိပါ။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာအတွင်းရှိ အမျိုးသမီးများသည် စီမံအုပ်ချုပ်မှုအပိုင်းတွင် မပါဝင် သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ကြပါသည်။ ထို့ကြောင့် အုပ်ချုပ်မှုအပိုင်း စီမံခန့်ခွဲရာတွင် ပိုပိုသေချာစေရေးအတွက် ရပ်မိရပ်ဖ အဖွဲ့တွင် အမျိုးသမီးများထည့်သွင်း ဖွဲ့စည်းသင့်ပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုရေး လုပ်ငန်း များ ဆောင်ရွက်ရာ၌ အမျိုးသမီးများ အများဆုံးပါဝင်ပါသည်။ လွန်ခဲ့သောနှစ်များအတွင်း အမျိုးသမီးများအား

အကြမ်းဖက်မှုများ မရှိသည့်အပြင် အမျိုးသမီးရေးရာနှင့်ပတ်သက်သည့် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာလူထုအသိအမြင်လည်းမရှိပါ။ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာ ပေး ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပန်းတင်အင်း | | | ကျေးရွာအမည် -ညောင်ပင်ဆိပ် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | စက်ကိရိယာ | စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း | |
| ၄ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | စီးပွားဖြစ်မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် မြို့နယ်မွေး/ကု ဌာနနှင့် ချိတ်ဆက်ခြင်း။ | |
| ၆ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ် ချက်များ ပြင်ဆင်ခြင်း။ | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာရေးခုံ(၁၀)စုံဖြည့်ဆည်းခြင်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | မူလွန်ပညာရေးအဆင့်မြှင့်တင်ခြင်း | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.ကကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်း(၆၀'x၃၀'x ၁၂') | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.ကကျောင်း ကျောင်းခြံစည်းရိုးကာရံခြင်း | |
| ၁၁ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ယင်လုံအိမ်သာသုံးစွဲမှုနှင့် ပတ်သက်၍ ဟောပြောပွဲများပြုလုပ်ခြင်း | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းမြေသားလမ်း(ကျောက်ရောမြေ)ခင်းခြင်းလုပ်ငန်း(၂၂၀၀'x၁၂'x ၆") | ပထမ |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းမြေသားလမ်းတိုးချဲ့ခြင်း(၁၀၅၀'x၃၀') | ဒုတိယ |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကွန်ကရစ်တံတားဆောက်လုပ်ခြင်း(၄၀၀'x၂၀') | တတိယ |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာပတ်လမ်းအား မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်း | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ချဉ်းကပ်လမ်း အားမြေသားလမ်းတိုးချဲ့ခြင်း | |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သပြေ-ညောင်ပင်ဆိပ်ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း(၃/၀)မိုင် | |

နောက်ဆက်တွဲ (၁)

ညောင်ပင်ဆိပ်ကျေးရွာ ၊ ပန်းတင်အင်းကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | | | ၆/လလန(နိုင်) | | နာယက | ၀၉- |
| ၂ | | | ၆/လလန(နိုင်) | | နာယက | - |
| ၃ | | | ၆/လလန(နိုင်) | | နာယက | ၀၉- |
| | | | | | | |
| ၁ | ဦးသင်းရွှေ | ဦးထွန်းဖေ | ၆/လလန(နိုင်)၀၃၅၅၄၁ | ၆၀ | ဥက္ကဋ္ဌ | ၀၉-၂၅၀၃၃၄၁၁၃ |
| ၂ | ဦးရေလှိုင်း | ဦးကြီးရွှေ | ၆/လလန(နိုင်)၀၃၅၅၁၇ | ၄၉ | အတွင်းရေးမှူး | ၀၉-၄၅၈၂၂၄၅၁၅ |
| ၃ | ဒေါ်မိုးသန်း | ဦးဘသန်းကျင် | ၆/လလန(နိုင်)၀၇၁၄၈၃ | ၄၃ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၅၉၇၁၀၄၄ |
| ၄ | ဦးဝင်းညွန့် | | ၆/လလန(နိုင်)၀၃၅၇၀၃ | | စာရင်းကိုင် | ၀၉- |
| ၅ | ဒေါ်နန်းမိုး | | ၆/လလန(နိုင်) ၀၃၆၃၇၅ | | အဖွဲ့ဝင် | - |
| ၆ | ဒေါ်ဝင်းဝင်းမော် | ဦးလှဝင်း | ၆/လလန(နိုင်)၁၁၅၅၈၃ | ၃၁ | အဖွဲ့ဝင် | ၀၉-၂၅၄၂၆၆၃၃၁ |
| ၇ | ဒေါ်အေးမြင့် | | ၆/လလန(နိုင်)၀၃၅၅၈၇ | | အဖွဲ့ဝင် | ၀၉- |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၃ | ၂၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၁၁ | ၂၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၂ | ၂၆ | ၃၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၀ | ၁၁၂ | ၂၂၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၇ | ၂၃ |
| စုစုပေါင်း | | ၁၆၄ | ၁၇၃ | ၃၃၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၅၅ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု(၅၅)စုရှိပါသည်။ လူဦးရေစုစုပေါင်းမှာ ကျား (၁၆၄)နှင့် မ(၁၇၃)ဦးရှိပြီး စုစုပေါင်း (၃၃၇)ဦးရှိပါသည်။ ညောင်ပင်ဆိပ်ကျေးရွာနှင့် သပြေကျေးရွာ တို့သည် ယခင်က ကျေးရွာ(၂)ရွာပေါင်းထားသော ကျေးရွာဖြစ်ပါသည်။ သပြေကျေးရွာမှာမူ ပြည်ထဲရေး အမည်မပေါက်သော ကျေးရွာဖြစ်ပါသည်။ ၁နှစ်အောက်နို့စို့အရွယ်(၆)ဦးနှင့် ၅နှစ်အောက် ကလေးငယ်မှာလည်း (၂၄)ဦးရှိပါသည်။ (၅)နှစ်မှ (၁၄)နှစ်အထိ ကျောင်းနေရွယ် ကလေးမှာ (၆၂)ဦးရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်မှာ (၂၂၂)ဦးရှိပါသည်။ ထို့အပြင် (၆၅)နှစ်အထက် သက်ကြီးရွယ်ကြီး အဘိုးအဘွားမှာ(၂၃)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာတွင် အများဆုံးဖြစ်သဖြင့် လူသားအရင်းအမြစ်အတွက် အခွင့်အလမ်း များစွာ ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | ၁၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |



CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၆ | ၃၄ | ၈ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ

၈၊ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကလုပ်ငန်းအဖြစ် ရေလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ရေငန်ငါးဖမ်းအား အဓိကလုပ်ကိုင်သူ ကိုယ်ပိုင်(၁)ဦးရှိပြီး အလုပ်သမားဝန်ထမ်းမှာ(၆)ဦးရှိပါသည်။ ၎င်းအပြင် တွဲဖက်လုပ်ကိုင်သူသော အိမ်ထောင်စု(၁၂)အိမ်ထောင်စုရှိကာ ဝင်ငွေရပ်တည်နိုင်မှုမှာ အလယ်အလတ်ရှိပါသည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ(၄)ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ(၁)ဦးနှင့် လက်လီလက်ကားရောင်းဝယ်ရေး(၄)ဦးနှင့် ဆောက်လုပ်ရေး အလုပ်သမား (၅)ဦးလည်းရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် အများအားဖြင့် ကျပန်းလုပ်သားများ ဖြစ်ကြပြီး အိမ်ထောင်စု(၃၄)စုရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | | ၆၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၈၀၀၀ | | ၆၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၇၀၀၀၀ | | ၁၀၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၅၀၀၀ | | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများမှာ နေ့စား ကျား(၆၀၀၀-၈၀၀၀)ရှိပါသည်။ ဆောက်လုပ်ရေး လုပ်သားများမှာ အများဆုံး(၁၇၀၀၀)ကျပ်မှ အနည်းဆုံး(၁၀၀၀၀)ကျပ် အထိရှိပါသည်။ အမျိုးသမီးများမှာ

ရောင်းဝယ်ရေးသာလုပ်ကိုင်ကြပြီး (၃၀၀၀-၅၀၀၀)ကျပ်အထိရရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်သားများနှင့် လက်လီ လက်ကား ရောင်းဝယ်ရေးသာ အဓိကလုပ်ကိုင်ကြပြီး ကျန်သောစီးပွားလုပ်ငန်းများ လုပ်ကိုင်ခြင်း မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၇.၁၈ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၁.၃၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၃၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၁၅၃.၅၃ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် လယ်မြေ(၆၇.၁၈)ကေနှင့် ဥယျာဉ်ခြံ(၅၁.၃၅)ကေရှိပါသည်။ လယ်ယာမြေမှာ ဆားငန်ရေဝင်ရောက်မှုရှိသဖြင့် မြေဆီလွှာအရည် အသွေး မကောင်းပါ။ ဥယျာဉ်ခြံမှာမူ အသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဓနိတောမြေ (၃၅)ကေလည်း ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☑ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သစ္စာနှင့် တွင်းထွက်ပစ္စည်းများ မရှိပါ။ သို့သော်လည်း သဲထွက်ရှိမှုများပြီး အသုံးချနိုင်မှုလည်း လွယ်ကူပါသည်။ သဘာဝဆေးဖက်ဝင် အပင်အနေဖြင့် ဆင်တုံးမနွယ်ကိုသာ တွေ့ရပြီး အသုံးချနိုင်မှု ခက်ခဲပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအား အနီးအနား ဝန်းကျင်တွင် မတွေ့ရှိရပါ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၀ | ၁၀ | ၁၀ | ၁၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများ၏ အိမ်အခြေအနေမှာ တိုက်အိမ်များဖြစ်ပြီး ရေလုပ်ငန်းအား အဓိကလုပ်ကိုင်ကာ သီဟိုဠ်စိုက်ပျိုးသူများလည်းရှိပါသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများမှာ (၂၅)စုခန့်ရှိပြီး ကျပန်းအလုပ်သမားများ များပြားပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာမူ အရောင်းအဝယ်လုပ်ငန်းဖြင့် စီးပွားရှာကာ အိမ်ထောင်စု(၁၀)စုရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဈေးဝယ်ခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာမနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |

ရင်းမြစ်..ဥစ္စာမနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။မဖြေဆိုပါ။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၃ | ၂ | ၅ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်(၆၅)နှစ်အထက် သက်ကြီးရွယ်အို ကျား(၃)ဦးနှင့် မ(၂)ဦးရှိပါသည်။ ကျား(၁)ဦးနှင့် မ(၁)ဦးသည် မြေးများနှင့် နေထိုင်ကြပြီး ငွေပို့ပေးမှု အားနည်းပါသည်။ ထို့အပြင် လေဖြတ်နေသော အဖွားတစ်ဦးလည်းရှိပြီး သားသမီးများမှ ကျွေးမွေးစောင့်ရှောက်



CamScanner

နေပါသည်။ ထို့အပြင် ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအနေဖြင့်(၁)စုရှိပြီး အသက် (၇၀) နှစ် ရှိပြီးဖြစ်ကာ စားဝတ်နေရေးအတွက် ဂုံးကောင်များကောက်ပြီး သက်မွေးနေရပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝမြေရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)၊ ဆားငန်ရေဝင်ရောက်မှုနှင့် တီဘီရောဂါဖြစ်ပွားမှု အနည်းငယ်ရှိသော်လည်း ထိခိုက်မှုများ မရှိပါ။ ထို့အပြင် အခြားထိခိုက်မှုများမှာလည်း မရှိသလောက်နည်းပါးပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |



CS CamScanner

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | နေထိုင်သူ | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ထိခိုက်သက်ရောက်ခံရနိုင်သူများအနေဖြင့် ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားကျပန်းများနှင့် ရွှေ့ပြောင်းလုပ်သားများ အနည်းအငယ် ရှိပါသည်။ အခြားထိခိုက်သက်ရောက်မှုများမှာ မရှိသလောက်နည်းပါးပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၄ | | ၄ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖအဖွဲ့ | ၁☐ ၂☑ ၃☐ | ၃ | ၄ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐ | ကောင်း ☐<br>သင့် ☑ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ညံ့ ☐ |
| ၃ | မိဘဆရာအသင်း | ၁☐ ၂☑ ၃☐ | ၇ | ၅ | ၁၂ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | အပျို/လူပျိုအဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၅ | ၂၅ | ၄၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | ဂရုဏာနာရေးကူညီမှုအသင်း | ၁☐ ၂☑ ၃☐ | ၁၅ | ၂၅ | ၄၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | ဘာသာရေးအဖွဲ့ | ၁☐ ၂☐ ၃☑ | ၇ | | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၇ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | ၅ | ၁၂ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ လူထုအဖွဲ့အစည်းများအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ မိဘဆရာအသင်း၊ နာရေးကူညီမှုအသင်း၊ အပျိုလူပျိုအသင်း၊ ဘာသာရေးအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဟူ၍ ရှိကြပါသည်။ ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။



CS CamScanner

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

